ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

၁၃ ရက်မြောက်နေ့ အစီအစဉ်

[ ၁၅-၁၁-၂၀၁၂ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဦးပိုင်အမှတ်၊ (၄)(၆)(၇)(၃၇)(၆၄)(၇၂)(၇၄) စသည့် မြေကွက်ပေါ်၌ နေထိုင်သော မိသားစု အိမ်ထောင်စု (၇၀) ဝန်းကျင်၏ မူလနေထိုင်အိမ်တွင် နေထိုင်ခွင့်ရရှိရေး ကူညီဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ ယာဉ်မတော်တဆ ဖြစ်ပွားမှုများတွင် တာဝန်သိပြည်သူများမှ အချိန်နှင့်တစ်ပြေးညီ ကူညီစောင့်ရှောက်ပေးနိုင်ရန် နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်၏ ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ-၂(က)၊ အပိုဒ်ခွဲပါ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးထွန်းမြင့်ဦး၊ မိုင်းပန် မဲဆန္ဒနယ်၏ မိုင်းပန်မြို့နယ်ရှိ တောင်ကိုင်း ကြိုးဝိုင်းနှင့် နမ့်တောင်သစ်တောကြိုးဝိုင်းအတွင်းလာရောက် သစ်ထုတ်နေသည့် ကုမ္ပဏီများ

အပေါ် ဆန့်ကျင်ကန့်ကွက်နေကြသည့် ပြည်သူများ၏ဆန္ဒအား ပြည်ထောင်စုအစိုးရမှ မည်ကဲ့သို့ဖော်ဆောင်ပေးမည်နှင့် တရားဝင်ခွင့်ပြုချက်ဖြင့် လာရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီများအား မည်ကဲ့သို့ ညှိနှိုင်းဖြေရှင်းပေးပါမည်နည်းတို့ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအင်ဖုန်ဆန်း၊ မချမ်းဘော မဲဆန္ဒနယ်၏ မြစ်ကြီးနား-ဆွမ်ပရာဘွမ် -ပူတာအို လမ်းပေါ်ရှိ ပျက်စီးသွားသော တံတားများ ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေ မဲဆန္ဒနယ် (ကိုယ်စား) ဦးဟန်စိန်၊ တိုက်ကြီး မဲဆန္ဒနယ်၏ ရန်ကုန်မြို့ရှိ ဂုံးကျော်တံတားများ တည်ဆောက်နေခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးစိုင်းမောင်တင်၊ လဲချားမဲဆန္ဒနယ် က ရှမ်းပြည်နယ် တောင်ပိုင်း နှင့် မြောက်ပိုင်း ဆက်သွယ်ထားသည့် လမ်းမတစ်ခုဖြစ်သည့် လွိုင်လင်- ပန်ကေတု- သီပေါ ကားလမ်းမကို လမ်းအထူး စီမံကိန်းတစ်ခုအဖြစ် သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အဆိုတင်သွင်း ခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ တိုင်းနှင့်ပြည်နယ် အသီးသီးတွင် စားကျက်မြေများကို ဌာနဆိုင်ရာ အမည်ဖောက်၍ လည်းကောင်း၊ ကုမ္ပဏီအမည်ဖောက်၍ လည်းကောင်း ခွဲဝေချထားပြီး တောင်သူလယ်သမားများကို ထိုမြေများ၌ စိုက်ပျိုးစေပြီး ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ သီးစားခရယူနေခြင်းများ ရှိနေပါသဖြင့် လယ်ယာမြေကို အမှန်တကယ်လုပ်ကိုင်နေသူများ၊ လယ်သမားများကိုသာ ဦးပိုင်အမည်ပေါက် သတ်မှတ်၍ လုပ်ကိုင်ခွင့် ချပေးသင့်ကြောင်း အဆိုကို အရေးကြီးအဆိုအဖြစ် ပြန်လည် တင်ပြခြင်းနှင့် ကိုယ်စားလှယ်တစ်ဦး က ထောက်ခံခြင်း။

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

၁၀။ ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ နိုင်ငံအဝှမ်းရှိ သစ်တောကြိုးဝိုင်းများ အတွင်းမှ သစ်တောရေးရာဝန်ကြီးဌာနမှ အသုံးမပြုတော့သောနေရာများရှိ လယ်ယာမြေများအား ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ပြုသော လယ်ယာမြေများအဖြစ် နယ်မြေပြင်ဆင်

သတ်မှတ်ပေးရေး ဆောင်ရွက်ပေးပါရန် အဆိုကို အရေးကြီးအဆိုအဖြစ် ပြန်လည်တင်ပြခြင်းနှင့် ကိုယ်စားလှယ်တစ်ဦး ကထောက်ခံခြင်း။

၁၁။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၂။ ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ်၏ ပြည်နယ်များတွင် သက်ဆိုင်ရာ ပြည်နယ်များ၏ နေ့ထူးနေ့မြတ်များကို ပြည်နယ်အစိုးရက တရားဝင် ရုံးပိတ်ရက်သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရက အမိန့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို အရေးကြီးအဆိုအဖြစ် ပြန်လည်တင်ပြခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၃။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၄။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိပေးပို့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်း။

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၁၄ ရက် မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။